# FAST FACTS

United Nations
Development Programme

UNDP

Empowered lives.
Resilient nations.

## မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ ထိရောက်မှု (၂၀၁၃-၂၀၁၇)

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ သမိုင်းတွင်ကျန်ရစ်မည့်အဆင့်တွင် ရောက်ရှိနေပါသည်။ ၂၀ဝ၈ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ဆက်တိုက်ဆောင်ရွက်လာခဲ့သော နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ နှံ့စပ်ထိရောက်သော ပြုပြင်ပြောင်းလဲမှုများသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ခေတ်သစ်တစ်ခုဆီသို့ ဦးတည်ပြောင်းလဲနေသည့် လက္ခဏာများပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အရေးယူပိတ်ဆို့မှုများအား ဖယ်ရှားခြင်း သို့မဟုတ် လျှော့ချခြင်းသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်ဝင်စားမှုများ တိုးပွားလာစေပြီး အပြည်ပြည်ဆိုင်ရာ ပံ့ပိုးကူညီမှု ပမာဏကိုလည်း တိုးမြင့်လာစေခဲ့ပါသည်။

ရေရှည်ခိုင်မြဲ၍ သာတူညီမျှရှိသော ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် UNDP၏ ကမ္ဘာတလွှားတွင် ဆောင်ရွက်နေသည့် ကျယ်ပြန့်လှသော အတွေ့အကြုံများအရ စိတ်ချယုံကြည်ရသော ကိန်းဂဏန်း အချက်အလက်များကို အခြေခံ၍ ပြည်သူလူထုပူးပေါင်းပါဝင်သည့် စီမံကိန်းရေးဆွဲမှုနှင့် မူဝါဒချမှတ်မှုများအပြင် ထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးပါကြောင်း သိရှိထားပါသည်။

UNDP၏ မြန်မာနိုင်ငံအစီအစဉ်သည် စီမံကိန်းရေးဆွဲမှုစနစ်များ တိုးတက်ကောင်းမွန်စေခြင်း၊ စာရင်းဇယားဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်းနှင့် ထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေခြင်းတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ UNDP၏ ဒီမိုကရေစီနည်းကျအုပ်ချုပ်ရေး အစီအစဉ်တွင် ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ ထိရောက်စေရေးအတွက် အောက်ပါလုပ်ငန်းများကို အဓိကထားဆောင်ရွက်နေပါသည်။

### မြန်မာပြည်သူများအတွက် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသအဆင့် စီမံကိန်းများရေးဆွဲခြင်း

ကိန်းဂဏန်းအချက်အလက်များအား စုဆောင်းခြင်းနှင့် လေ့လာဆန်းစစ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေး အစီအစဉ်များ ချမှတ်ခြင်းနှင့် စီမံကိန်းများအား ရေးဆွဲအကောင်အထည်ဖော်ခြင်းအပြင် လုပ်ငန်းများ၏ တိုးတက်အောင်မြင်မှုများအား စောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်အား မြှင့်တင်ပေးပါသည်။

### ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ချက်များ ပိုမိုထိရောက်စေရေး အားပေးကူညီသော ပတ်ဝန်းကျင်အား ဖန်တီးပေးခြင်း

ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအပါအဝင် ဆောင်ရွက်သူ အမျိုးမျိုးကြား ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေရန်အတွက် အားပေးကူညီသော ပတ်ဝန်းကျင်အား ဖန်တီးပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုများအတွက် နိုင်ငံတော်အဆင့် လုပ်ငန်းယန္တရားများကို ခိုင်မာအားကောင်းစေခြင်း၊ နိုင်ငံတော်ဦးစားပေးအစီအစဉ်များနှင့်အညီ

နိုင်ငံတကာအကူအညီများ ပူးပေါင်းဆောင်ရွက်မှုအား စောင့်ကြည့်လေ့လာနိုင်ရန်အတွက် အဖွဲ့အစည်းစနစ်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း တို့အား ဆောင်ရွက်ပေးနေပါသည်။



*၂၀၁၄ခုနှစ် မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ကျင်းပခဲ့သော လူမှုရေးဖွံ့ဖြိုးတိုးတက်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရှစ်ကြိမ်မြောက် အာဆီယံ-တရုတ် ဖိုရမ်တွင် ပြသခဲ့သော Helen Clark ၏ ဗီဒီယိုသတင်းစကား*

နိုင်ငံတော်မူဝါဒဦးစားပေးအစီအစဉ်များ

‘ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့တွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပံ့ပိုးကူညီမှုများနှင့်အတူ မြန်မာပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်မှသာ အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။’ - စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင် (၂၀၁၂-၂၀၁၅)

စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင်သည် မြန်မာနိုင်ငံအစိုးရအတွက် ၂၀၁၂ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ မူဝါဒဦးစားပေးအစီအစဉ်များအား ချမှတ်ပေးခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအား ‘မြန်မာနိုင်ငံ၏ ရေတိုနှင့် ရေရှည်အလားအလာများ ပြည့်မီစေရေးအတွက် အစိုးရ၏ အဓိကကျသော မူဝါဒဆိုင်ရာ နည်းလမ်းတစ်ခု’ အဖြစ် သတ်မှတ်ကာ ထိုစီမံကိန်းများ၏ အရေးပါမှုအား စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်မှ အသိအမှတ်ပြုထားပါသည်။

လတ်တလောတွင် ရေးဆွဲနေဆဲဖြစ်သော အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် နောင်လာမည့် နှစ်ပေါင်း (၂၀)အတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်မည့် မူဝါဒဆိုင်ရာ မူဘောင်တစ်ရပ်အား ချမှတ်ပေးနိုင်မည်ဟု မျှော်လင့်ရပါသည်။

အစိုးရ၏ ထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကတိကဝတ်ပြုမှုအား ၂၀၁၃ခုနှစ် ဇန္နဝါရီလတွင် အတည်ပြုခဲ့သော နေပြည်တော်သဘောတူညီချက်တွင် ထည့်သွင်းဖော်ပြထားပါသည်။

UNDP ၏ မိတ်ဖက်များ

- အစိုးရမိတ်ဖက်များ။ ။အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေး ဦးစီးဌာန၊ နိုင်ငံတော်သမ္မတရုံး၊ အကူအညီများပူးပေါင်းညှိနှိုင်းမှု လုပ်ငန်းအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန၊ Myanmar Positive Network
- အလှူရှင်များ။ ။ ဩစတြေးလျ၊ ဒိန်းမတ်၊ ဖင်လန်၊ ဆွီဒင်၊ ယူနိုက်တက်ကင်းဒမ်း

မြန်မာပြည်သူများအတွက် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသအဆင့် စီမံကိန်းရေးဆွဲမှု

UNDPသည် အစိုးရမိတ်ဖက်များနှင့် လက်တွဲကာ စီမံကိန်းရေးဆွဲမှုလုပ်ငန်းစဉ်များ တိုးတက်လာစေရေးနှင့် စီမံကိန်းများသည် မြန်မာပြည်သူများ၏ လိုအပ်ချက်များနှင့် ဦးစားပေးကိစ္စရပ်များကို ထင်ဟပ်စေကာ အရည်အသွေးမြင့်မားသော ကိန်းဂဏန်းအချက်အလက်များကို အခြေခံစေရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆောင်ရွက်နေသည့် လုပ်ငန်းများ

- အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ၎င်း၏ စောင့်ကြည့်လေ့လာမှု မူဘောင်တို့အား အပြီးသတ်ရေးဆွဲနိုင်ရန်အတွက် နည်းပညာဆိုင်ရာ အကြံဉာဏ်များပေးခြင်းနှင့် အများပါဝင်သည့် ဆွေးနွေးပွဲများ ဖြစ်မြောက်အောင် ပံ့ပိုးကူညီပေးခြင်း
- ပြည်သူများပူးပေါင်းပါဝင်သည့် ဘက်စုံစီမံကိန်းရေးဆွဲမှုနှင့် မူဝါဒချမှတ်မှုလုပ်ငန်းစဉ်များအတွက် အစိုးရအရာရှိများအား သင်တန်းများပေးခြင်း
- ရရှိနိုင်သော လူမှုစီးပွားဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအား ဆန်းစစ်လေ့လာကာ မူဝါဒချမှတ်မှုများတွင် ထည့်သွင်းနိုင်ရန်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကြီးကြပ်သင်ကြားပေးခြင်း
- အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအား စီးပွားရေးလုပ်ငန်းများစစ်တမ်းနှင့် အိမ်ထောင်စုများ၏ စားဝတ်နေရေး အခြေအနေဘက်စုံလေ့လာမှုစစ်တမ်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာဆိုင်ရာအကြံဉာဏ်နှင့် သင်တန်းများပေးခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် (အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများ အပါအဝင်) လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆက်နွယ်သော စစ်တမ်းများနှင့် လေ့လာမှုများ ပြုလုပ်နိုင်ရန် သက်ဆိုင်ရာ အစိုးရရုံးများအား ပံ့ပိုးကူညီပေးခြင်း

ထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် UNDP၏ ကမ္ဘာတစ်ဝှမ်းဆောင်ရွက်ချက်များ

ထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် UNDP ၏ ကမ္ဘာတစ်ဝှမ်းဆောင်ရွက်ချက်များကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝှမ်းရှိ အတွေ့အကြုံများမှ ရရှိသော အကျိုးကျေးဇူးများကို ခံစားနိုင်ပြီး ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မျက်ခြေမပြတ်သိရှိနိုင်ပါသည်။

UNDPသည် ထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်ပြုမှု လမ်းညွှန်ကော်မတီတွင် ပါဝင်ဆောင်ရွက်နေပါသည်။ ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်ပြုမှုသည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရန်ပုံငွေများ၊ အသိပညာဗဟုသုတများနှင့် မူဝါဒများမှ အမြင့်မားဆုံး အကျိုးသက်ရောက်မှုများကို ပေါ်ထွက်လာစေခြင်းဖြင့် နိုင်ငံများ၊ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများအား ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတွင် ပိုမို လက်တွဲဆောင်ရွက်နိုင်ရန် ကူညီပေးလျက်ရှိပါသည်။ ထိုဆောင်ရွက်မှုသည် ရှည်လျားသော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု သမိုင်းကြောင်းပေါ်တွင် အခြေပြု ပေါ်ပေါက်လာခြင်းဖြစ်ပြီး အနီးဆုံးကာလ ပူးပေါင်းဆောင်ရွက်မှုများမှာ အကူအညီများ ထိရောက်ရေးဆိုင်ရာ ပဲရစ်ကြေငြာစာတမ်း(၂၀၀၅) နှင့် အက္ကရာလုပ်ငန်းအစီအစဉ် (၂၀၀၈)တို့ ဖြစ်ပါသည်။ UNDPသည် နိုင်ငံတကာအကူအညီများ ပွင့်လင်းမြင်သာရှိရေး ဦးဆောင်လုပ်ရှားမှု၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။ ထိုအဖွဲ့အစည်းသည် အကူအညီပေးရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်မှုနှင့် လက်လှမ်းမီ အသုံးပြုနိုင်မှုတို့အား တိုးတက်စေရန်

ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာနှင့် တိုင်းပြည်အဆင့်ရှိ အကူအညီများ စီးဆင်းမှုနှင့် ပတ်သက်၍ အစီရင်ခံတင်ပြရာတွင် တင်ပြသည့်စနစ်အား တစ်ပြေးညီဖြစ်စေခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်းဌာနအား စီမံခန့်ခွဲပေးခြင်းဖြင့် အစီရင်ခံတင်ပြမှုအရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် နှင့် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ဆောင်ရွက်ပေးပါသည်။ မြန်မာနိုင်ငံ အကူအညီများဆိုင်ရာ သတင်းစနစ်အတွက် သတင်းအချက်အလက်များအား နိုင်ငံတကာအကူအညီများ ပွင့်လင်းမြင်သာရှိရေး ဦးဆောင်လုပ်ရှားမှု၏ သတင်းအချက်အလက်အစုမှ တိုက်ရိုက်ရယူထားခြင်း ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ ထိရောက်မှု၏ သတင်းအချက်အလက်များ

- UNDP၏ ၂၀၁၀ခုနှစ်တွင် ဆောင်ရွက်ခဲ့သော အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းသည် အိမ်ထောင်စုပေါင်း ၁၈,၆၀၀အား လေ့လာခဲ့ပြီး ထိုလေ့လာမှုသည် ယခုအချိန်အထိ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ သတင်းအချက်အလက်များရရှိနိုင်သည့် အကျယ်ပြန့်ဆုံး၊ အပြည့်စုံဆုံး ရင်းမြစ်များထဲမှ တစ်ခုဖြစ်လာခဲ့ပါသည်။
- ထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်ပြုမှုအား ထောက်ခံအားပေးကြောင်း ထုတ်ဖော်ကြေငြာခဲ့သော အစိုးရပေါင်း ၁၆၁ဖွဲ့နှင့် အဖွဲ့အစည်းပေါင်း ၅၆ခုထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။
- မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် အင်တာနက်စာမျက်နှာတစ်ခု တည်ထောင်ထားရှိပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲပါသည်။ http://mohinga.info/en/

ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ ထိရောက်စေရန်အတွက် အားပေးကူညီသော ပတ်ဝန်းကျင်အား ဖန်တီးခြင်း

ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ ထိရောက်စေရေးအတွက် အစိုးရမှစ၍ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအထိ နိုင်ငံတွင်းရှိ ဆောင်ရွက်သူများအားလုံး ပူးပေါင်းပါဝင်လုပ်ဆောင်ရန် လိုအပ်ပါသည်။ တိုင်းပြည်၏ လိုအပ်ချက်များအား တုံ့ပြန်ဖြည့်ဆည်းပေးနိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများအား ပိုမိုထိရောက်စွာ ပံ့ပိုးကူညီပေးရန်အတွက် UNDPသည် ပါဝင်ပတ်သက်သူအမျိုးမျိုးနှင့် မိတ်ဖက်ပြုထား ပါသည်။

ဆောင်ရွက်နေသည့် လုပ်ငန်းများ

- ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်ပြုမှုကဲ့သို့ ထိရောက်သော ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကမ္ဘာ့အဆင့်တွေ့ဆုံဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ ပါဝင်တက်ရောက် ဆွေးနွေးနိုင်ရန်အတွက် ပံ့ပိုးကူညီခြင်း
- ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် နိုင်ငံတော်အဆင့်လုပ်ငန်းယန္တရားများ တည်ဆောက်နိုင်ရန် နှင့် နိုင်ငံတကာအကူအညီများ ပူးပေါင်းဆောင်ရွက်ပေးမှုအား နိုင်ငံတော်ဦးစားပေး အစီအစဉ်များနှင့်အညီဖြစ်စေရေး စောင့်ကြည့်လေ့လာနိုင်ရန်အတွက် နည်းပညာဆိုင်ရာ အကြံဉာဏ်များ ပေးခြင်း

- ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် လုပ်ငန်းယန္တရားများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်း
- ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့် ဆန်းသစ်တီထွင်မှုများကို အားပေးခြင်း
- ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ ထိရောက်စေရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်ခြင်းကို အားပေးခြင်း

ထပ်မံသိလိုသည်များရှိပါက


www.mm.undp.org ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာနိုင်ပါသည် သို့မဟုတ်
Hyeran Kim,
Development Effectiveness Specialist
hyeran.kim@undp.org အား ဆက်သွယ်နိုင်ပါသည်။


UNDP
Empowered lives.
Resilient nations.